- အသင် ဝမ်းမြှောက်ဖွယ် သတင်းကောင်းကို ရယူလော့။အသင်(တမန်တော်)သည် အလင်းရောင်နှစ်ခုကို

ချီးမြှင့်ပေးအပ်ခြင်းခံရပြီဖြစ်သည်။

ထိုအလင်းရောင်နှစ်ခုကို သင့်အလျင်ရှိခဲ့သော မည်သည့်နဗီတမန်တော်တစ်ပါးကမျှ ချီးမြှင့်ပေးအပ်ခံခဲ့ရခြင်းမရှိခဲ့ပေ။ ပထမတစ်ခုမှာ ဆူရဟ်ဖာသိဟဟ် ဖြစ်၍

ဒုတိယတစ်ခုမှာ ဆူရဟ်ဗကရဟ်၏ နောက်ဆုံးအပိုဒ်များ

ဖြစ်သည်။ ထိုဆူရဟ်နှစ်ခုအနက်မှ အက္ခရာတစ်လုံးကိုပင်အသင်ဖတ်လျှင် ယင်း၏အကျိုးဆုလာဘ်ကို အမှန်ပင်

ချီးမြှင့်ခြင်းခံရမည် ဖြစ်သည်။

အစ်ဗ်နု အဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ ဂျိဗ်ရီလ် (အလိုင်ဟိစ္စလာမ်)သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ထံတော်ပါးတွင်ထိုင်နေစဉ် မိမိ၏အထက်မှ အသံတစ်ခုကို ကြားလိုက်ရသည်။ ထိုအခါ သူသည် (မိုးကောင်းကင်ဘက်သို့) ခေါင်းကိုမော့ကြည့်လျက် ပြောဆိုခဲ့သည်မှာ- ဤသည် ယနေ့ပင်ဖွင့်လှစ်လိုက်သည့် မိုးကောင်းကင်၏ တံခါးတစ်ခုဖြစ်သည်။ ယခင်က မည်သည့်အခါမျှ
ဖွင့်ခဲ့ဖူးခြင်းမရှိပါ။ ထို့နောက် ထိုတံခါးမှ ကောင်းကင်တမန်တစ်ပါး
ဆင်းသက်လာခဲ့ရာ ဂျိဗ်ရီလ်(အလိုင်ဟိစ္စလာမ်)က ပြောဆိုခဲ့သည်မှာ - ဤသည်
မိုးကောင်းကင်မှ ယနေ့ပင် မြေပထဝီပေါ်သို့ ဆင်းသက်လာသော
ကောင်းကင်တမန်တစ်ပါးဖြစ်ပြီး (ဒီ့အရင်) မည်သည့်အခါကမျှ
ဆင်းသက်ခဲ့ဖူးခြင်းမရှိပါ။ ထိုကောင်းကင်တမန်သည် (တမန်တော်မြတ်အား) စလာမ် ဆက်သ၍ဤသို့ပြောကြားခဲ့သည် - အသင် ဝမ်းမြှောက်ဖွယ် သတင်းကောင်းကို ရယူလော့။အသင်(တမန်တော်)သည် အလင်းရောင်နှစ်ခုကို ချီးမြှင့်ပေးအပ်ခြင်းခံရပြီဖြစ်သည်။ထိုအလင်းရောင်နှစ်ခုကို သင့်အလျင်ရှိခဲ့သော မည်သည့် နဗီတမန်တော်တစ်ပါးကမျှ
ချီးမြှင့်ပေးအပ်ခံခဲ့ရခြင်း မရှိခဲ့ပေ။ ပထမတစ်ခုမှာ ဆူရဟ်ဖာသိဟဟ် ဖြစ်၍
ဒုတိယတစ်ခုမှာ ဆူရဟ်ဗကရဟ်၏ နောက်ဆုံးအပိုဒ်များ ဖြစ်သည်။ ထိုဆူရဟ်နှစ်ခုအနက်မှ
အက္ခရာတစ်လုံးကိုပင် အသင်ဖတ်လျှင် ယင်း၏အကျိုးဆုလာဘ်ကို အမှန်ပင်
ချီးမြှင့်ခြင်းခံရမည် ဖြစ်သည်။ [صحيح] [رواه مسلم]

ကောင်းကင်တမန်ဂျိဗ်ရီလ် (အလိုင်ဟိစ္စလာမ်)သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ထံတော်ပါးတွင် ထိုင်နေစဉ် မိုးကောင်းကင်မှတံခါးဖွင့်သံကဲ့သို့ အသံတစ်ခုကို ကြားလိုက်ရသည်။ ထိုအခါ ဂျိဗ်ရီလ် (အလိုင်ဟိစ္စလာမ်)

https://sunnah.global/hadeeth/my/show/5775

النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee